၂၀၂၂ ခုနှစ် မေလ ၁၁ ရက်

## အာဆီယံ - မြန်မာစစ်အုပ်စုမှ လူသားချင်းစာနာထောက်ထားရေး အကူအညီများကို လက်နက်သဖွယ် အသုံးချခြင်းမှ ရှောင်ကျဉ်နိုင်ရန် အာဆီယံဆုံးဖြတ်ချက်ချမှုများတွင် သက်ဆိုင်သူအားလုံး ပါဝင်ရမည်

မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ အတိုင်ပင်ခံအစည်းအဝေးမှ မြန်မာနိုင်ငံအတွက် ပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဖြန့်ဝေရေးကို စစ်အုပ်စုအား ထိန်းချုပ်ခွင့် ပေးလိုက်သည့် ဆုံးဖြတ်ချက်အပေါ် အောက်တွင် လက်မှတ်ရေးထိုးထားသည့် မြန်မာနှင့် နိုင်ငံတကာ အဖွဲ့အစည်း ၇၆၅ ဖွဲ့တို့က အလွန်အမင်း စိုးရိမ်ပူပန်မိပါသည်။ ထိုဆုံးဖြတ်ချက်သည် စစ်အုပ်စုကို တရားဝင်မှု ပိုမိုရရှိစေမည့်အပြင် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုအပေါ် ကျူးလွန်သော ရက်စက်ကြမ်းကြုတ်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပိုမိုကျူးလွန်နိုင်စေရန်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီကို လက်နက်သဖွယ် အသုံးချခွင့် ပေးလိုက်ချင်သာ ဖြစ်သည်ဟု မိမိတို့ အဖွဲ့အစည်းများက ယုံကြည်သည်။

အာဆီယံ-အမေရိကန် အထူးထိပ်သီးအစည်းအဝေးမတိုင်မီ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ၏ အလွတ်သဘော ဆွေးနွေးပွဲတွင် ယင်းဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ရန်နှင့် ယုံကြည်စိတ်ချရသော ဒေသခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများ မှတစ်ဆင့် ဖြန့်ဝေပို့ဆောင်ပေးမည့် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများ ပေးပို့ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (EAO) များနှင့် ပြည်တွင်းအရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် မိမိတို့မှ အာဆီယံကို တိုက်တွန်းတောင်းဆိုလိုက်သည်။

လက်ရှိအာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သော ကမ္ဘောဒီးယားနိုင်ငံမှ ကမကထပြု ကျင်းပပြုလုပ်သည့် ၂၀၂၂ ခုနှစ် မေလ ၆ ရက်နေ့ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးဆောင်သည့် စစ်အုပ်စု၏ အလုပ်အဖွဲ့ (Task Force) ကို ပါဝင်တက်ရောက်စေခဲ့သည့်အတွက် မိမိတို့မှ အံ့သြစိတ်ပျက်ရပါသည်။ အဆိုပါအစည်းအဝေးတွင် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ ရွေးကောက်ခံ ကိုယ်စားလှယ်များမှ ဖွဲ့စည်းထားသည့် NUG နှင့်အတူ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် EAO များ၏ ပါဝင်မှုကိုမူ ဖယ်ထုတ်ချန်လှပ်ထားခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ် H.E. Noeleen Heyzer သည် ပါဝင်သက်ဆိုင်သူတစ်ဦးအနေဖြင့် ထိုဆွေးနွေးပွဲကို တက်ရောက်ခဲ့သည်ဟု ကမ္ဘောဒီးယားအစိုးရက မှားယွင်းစွာထုတ်ပြန်ထားပြီး အမှန်တကယ်စင်စစ်မှာ မြန်မာစစ်အုပ်စု၏ ဖိအားပေးမှုကြောင့် အာဆီယံက သူမအား အစည်းအဝေးပွဲ တက်ရောက်ရန် ဖိတ်ကြားခဲ့မှုကို ပြန်လည်ရုပ်သိမ်းခဲ့ပြီး ဖြစ်သည်။

ဥက္ကဋ္ဌဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၏ ဦးဆောင်မှုအောက်တွင် ရှိနေသည့် အာဆီယံသည် မြန်မာစစ်အုပ်စုအတွက် တံခါးဖွင့်ပေးထားချိန်တွင် NUG နှင့် အခြားသော သက်ဆိုင်သူများနှင့်မူ ထိတွေ့ဆက်ဆံရန် ဆက်လက်တွန့်ဆုတ်နေပြီး ယင်းမှာ အားလုံးပါဝင်မှုရှိသည့် တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုထားသော အာဆီယံ၏ ဘုံသဘောတူညီချက် (၅) ချက်နှင့် လုံးဝဆန့်ကျင်ကွဲလွဲနေသည်။ NUG၊ ဖမ်းဆီးထိန်းသိမ်းခံထားရသော သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်

ဒေါ်အောင်ဆန်းစုကြည်၊ အာဏာဖီဆန်ရေးလှုပ်ရှားမှု၊ EAO များနှင့် တွေ့ဆုံခြင်းမပြုဘဲ စစ်အုပ်စု ခေါင်းဆောင်များနှင့်သာ တွေ့ဆုံခဲ့သည့်အပြင် အခြားသော အာဆီယံအဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များ၏ သဘောတူညီချက်ကို ရယူခဲ့ခြင်းမရှိဘဲ မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ဟွန်ဆန်နှင့် လက်ရှိ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်တို့၏ ခရီးစဉ်ကိုလည်း မိမိတို့မှ ရှုတ်ချခဲ့ပြီး ဖြစ်သည်။ အဆိုပါ ကမ္ဘောဒီးယားနိုင်ငံ၏ "ထင်ရာစိုင်း သံတမန်ဆက်ဆံရေး" ငါးလကြာမြင့်သည်အထိ အာဆီယံသည် ချန်လှပ်မှုများ ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သည်။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အတွက် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်ရေးစင်တာ (AHA Centre) မှတစ်ဆင့် မြန်မာနိုင်ငံသို့ အကူအညီများ မည်ကဲ့သို့ ပေးပို့မည်ကို စစ်အုပ်စုဦးဆောင်သည့် အလုပ်အဖွဲ့အား စီမံဆုံးဖြတ်ခွင့်ပေးသည့် အာဆီယံ၏ ဆုံးဖြတ်ချက်အပေါ် မိမိတို့အနေဖြင့် အလွန်ပင် စိုးရိမ်ထိတ်လန့်မိပါသည်။ အကူအညီပေးရေး လုပ်သားများနှင့် အရပ်သားပြည်သူများအပေါ် စစ်အုပ်စု၏ ခြိမ်းခြောက်တိုက်ခိုက်မှုများ ဆက်လက်ရှိနေသော်ငြား ၎င်းစစ်အုပ်စု၏ အလုပ်အဖွဲ့က EAO နယ်မြေများ အပါအဝင် မြန်မာနိုင်ငံတဝှမ်းရှိ ပြည်သူများအားလုံးထံ အထောက်အပံ့များ ဖြန့်ဝေပို့ဆောင်ပေးနိုင်စွမ်းရှိသည်ဟု အာဆီယံက ဆက်လက်ရှုမြင်နေခြင်းကို မိမိတို့မှ အံ့သြတုန်လှုပ်မိပါသည်။ အာဆီယံ၏ ဘုံသဘောတူညီချက် (၅) ချက်ကို လက်ခံသဘောတူပြီး တစ်နှစ်ကျော်ကြာသည့်အထိ လိုက်နာဆောင်ရွက်ခြင်း မရှိနေသော စစ်အုပ်စု၏ လုပ်ရပ်များကို ကြည့်ခြင်းအားဖြင့် ၎င်း၏ကတိများသည် နိုင်ငံရေးအကျိုးအမြတ်ကိုသာ မျှော်ကိုးသည့် မယုံကြည်ထိုက်သော ကတိကဝတ်များသာ ဖြစ်ပေသည်။

မြန်မာစစ်အုပ်စု ဦးဆောင်သည့် အလုပ်အဖွဲ့နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်မည့် အစီအစဉ်အား ရှေ့ဆက်တိုး အကောင်အထည်ဖော်ဆောင်ရွက်မည့် အာဆီယံ၏ ဆုံးဖြတ်ချက်သည် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အုပ်စု၏ ဝင်ရောက်စွက်ဖက်မှု မရှိဘဲ ပြည်တွင်း အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရေးကို ဦးစားပေး ဆောင်ရွက်ရန် တိုက်တွန်းသည့် မြန်မာပြည်သူလူထုနှင့် ကမ္ဘာတစ်ဝှမ်းမှ အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ တောင်းဆိုချက်များကို လျစ်လျူရှုလိုက်ခြင်းပင် ဖြစ်သည်။ အာဆီယံအနေဖြင့် NUG၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ်နှင့် အရပ်ဘက်လူထုအဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်သူများ အားလုံးကို ဆက်လက်ဖယ်ကြဉ်ထားမည်ဆိုပါက အာဆီယံအနေဖြင့် အဓိပ္ပါယ်ရှိသော ဖြေရှင်းချက် တစ်စုံတစ်ခုမျှ ဖော်ထုတ်နိုင်လိမ့်မည် မဟုတ်ကြောင်း မိမိတို့၏ ရပ်တည်ချက်ကို ထပ်လောင်း ပြောကြားလိုပါသည်။ ထို့အပြင် အာဆီယံ၏ ဆုံးဖြတ်ချက်သည် နောက်ပြန်ဆုတ်ယုတ်မှုကို ဖြစ်စေမည့်အပြင် မြေပြင်တွင် စစ်အုပ်စုက ကျူးလွန်နေသော ရက်စက်ကြမ်းကြုတ်မှုများကို ဆက်လက်အခွင့်ရှည်စေရန် အတွက်သာ အားပေးအားမြှောက်ပြုရာရောက်မည် ဖြစ်သည်။

Washington DC တွင် ကျင်းပမည့် အာဆီယံ-အမေရိကန် အထူးထိပ်သီးအစည်းအဝေးမတိုင်မီ ၂၀၂၂ ခုနှစ် မေလ ၁၁ ရက်တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အလွတ်သဘော အစည်းအဝေး တစ်ရပ် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အာဆီယံ၏ ဘုံသဘောတူညီချက် (၅) ချက် အကောင်အထည်ဖော်ရေး နှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် အာဆီယံနှင့် ၎င်း၏ ခေါင်းဆောင်များကို မိမိတို့မှ အောက်ပါအချက်များ တိုက်တွန်းတောင်းဆိုလိုက်သည်။

- မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အတိုင်ပင်ခံ အစည်းအဝေးတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ချက်ချင်း ပြန်လည် စဥ်းစား သုံးသပ်ရန်၊
- အာဆီယံ၏ ဘုံသဘောတူညီချက် (၅) ချက် အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ကိစ္စရပ်နှင့်စပ်လျဥ်း၍ လိုက်နာဆောင်ရွက်ခြင်း မရှိနေသော စစ်အုပ်စုနှင့် ၎င်း၏ ကိုယ်စားလှယ်များမှ အာဆီယံ၏ မဟာဗျူဟာအစည်းအဝေးများ တက်ရောက်ခြင်းကို ထိရောက်စွာ ချက်ချင်းဆိုင်းငံ့ထားရန်၊
- ယုံကြည်စိတ်ချရသော ဒေသခံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ မှတစ်ဆင့် ဖြန့်ဝေပို့ဆောင်ပေးမည့် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးပို့ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း များနှင့် ပြည်တွင်းအရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန်၊
- မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ကိုင်တွယ်ဖြေရှင်းရေး ကြိုးပမ်းအားထုတ်မှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်၊
- အာဆီယံ၏ ကိုယ်စားပြုမှုကို သေချာစေရန်နှင့် မြန်မာပြည်သူလူထု၏ သဘောဆန္ဒကို ထောက်ခံအားပေးရေးအတွက် ပါဝင်ပတ်သက်သူအားလုံးနှင့် ထိရောက်သော ညှိနှိုင်းဆွေးနွေးမှုများ သေချာစွာ လုပ်ဆောင်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာ ဖြစ်စေရန်အတွက် အာဆီယံ အထူးကိုယ်စားလှယ်၏ အခန်းကဏ္ဍနှင့် ခန့်အပ်မှုဆိုင်ရာ ယန္တရားကို ပြန်လည်သုံးသပ် ပြင်ဆင်ရန်။

နောက်ဆုံးအနေဖြင့် စစ်အုပ်စုမှ အာဆီယံ၏ ဘုံသဘောတူညီချက် (၅) ချက်နှင့်စပ်လျဥ်း၍ မည်သည့်တိုးတက်မှုမျှ ဆောင်ရွက်ခြင်း မရှိနေသည့်အပေါ် အာဆီယံကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံများဖြစ်သော အထူးသဖြင့် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် စင်ကာပူ နိုင်ငံများအနေဖြင့် ထို သဘောတူညီချက် (၅) ချက်ကို ကျော်လွန်၍ ရှေ့တိုးလုပ်ဆောင်ရန် မိမိတို့မှ အထူးတောင်းဆိုလိုက်သည်။ အာဆီယံခေါင်းဆောင်များအနေဖြင့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို လိုလားသော မြန်မာပြည်သူလူထု၏ သဘောဆန္ဒကို ဖြည့်ဆည်းပေးခြင်းနှင့် ဆိုးရွားလှသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်နေခြင်း တို့အတွက် စစ်အုပ်စုမှ တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေး လုပ်ဆောင်ပေးခြင်းအားဖြင့် ၎င်းတို့ပြုထားသော ကတိကဝတ်များကို သက်သေပြရမည် ဖြစ်သည်။

***ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်*** - *ဒေါ်ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org*

## လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများ

*လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများတွင် အောက်ပါ အမည်ဖော်ပြထားသည့် အဖွဲ့အစည်း ၄၅၁ ဖွဲ့နှင့် အမည်မဖော်ပြလိုသော မြန်မာအဖွဲ့အစည်း ၃၁၄ ဖွဲ့တို့ ပါဝင်သည်။*

1. 8888 Generation (New Zealand)
2. 8888 New Generation (Mohnyin)
3. Aa Linn Eain Literary Force (Japan)

4. Academy Zenith (Education)
5. Action Against Myanmar Military Coup (Sydney)
6. Active Youths (Kalay Myo)
7. Ah Nah Podcast - Conversation with Myanmar
8. All Arakan Students’ and Youths’ Congress (AASYC)
9. All Burma Democratic Face in New Zealand
10. All Burma Student Democratic Front - Australia Branch
11. All Religions Strike Column
12. All Sagaing Township Basic Education Students' Union
13. All Schools of Aungmyaythazan Township Strike Group
14. All Young Burmese League (AYBL)
15. Alternative Solutions for Rural Communities (ASORCOM)
16. ALTSEAN-Burma
17. Anti-coup Forces Coordination Committee (AFCC)
18. Anti-Dictatorship in Burma - DC Metropolitan Area (ADB-DCMA)
19. Anti-Myanmar Dictatorship Movement
20. Anti-Myanmar Military Dictatorship Network (AMMDN)
21. ASEAN Parliamentarians for Human Rights
22. Asia Democracy Network
23. Asia Justice and Rights (AJAR)
24. Asia Pacific Solidarity Coalition (APSOC)
25. Asian Dignity Initiative
26. Asian Forum for Human Rights and Development (FORUM-ASIA)
27. Asian Resource Foundation
28. Assistance Association for Political Prisoners (AAPP)
29. Association of Human Rights Defenders and Promoters (HRDP)
30. Association of United Nationalities in Japan (AUN-Japan)
31. Athan – Freedom of Expression Activist Organization
32. Auckland Kachin Community NZ
33. Auckland Zomi Community
34. Aung Myay Tharzan Basic Education Students' Union-ABFSU
35. Aung Pin Lal Main Strike Group
36. Australia Burma Friendship Association, Northern Territory
37. Australia Karen Organisation
38. Australia Karen Organization WA Inc.
39. Australia Myanmar Doctors, Nurses and Friends
40. Australia Myanmar Youth Alliance (AMYA)
41. Australian Burmese Muslim Organisation
42. Australian Chin Community (Eastern Melbourne Inc)
43. Australian Karen Organisation (AKO)
44. Back Pack Health Workers Team
45. Bago Basic Education Students' Union
46. Bamar Community Tasmania
47. Banglar Manabadhikar Suraksha Mancha (MASUM)
48. Bank Trade Unions Federation of Myanmar - BTUFM
49. BEHS-1, Hpa-An Basic Education Students' Union
50. BEHS-1, Mandalay Basic Education Students' Union-ABFSU

51. BEHS-11, Aungmyethazan Basic Education Students' Union-ABFSU
52. BEHS-24, Mahaaungmyay Basic Education Students' Union-ABFSU
53. BEHS-4, Mandalay Basic Education Students' Union-ABFSU
54. BEHS-8, Aungmyethazan Basic Education Students' Union-ABFSU
55. Best Friends Forever Group
56. Blood Money Campaign
57. Burma Action Ireland
58. Burma Campaign UK
59. Burma Human Rights Network (BHRN)
60. Burma Lawyers' Council (BLC)
61. Burma Medical Association
62. Burman Suomalaiset (Finland)
63. Burmese Canadian Network
64. Burmese Community Development Collaboration (BCDC)
65. Burmese Community in France
66. Burmese Community Support Group (BCSG)
67. Burmese Community, Australia
68. Burmese Friendship Association
69. Burmese Medical Association Australia (BMAA)
70. Burmese Rohingya Organisation UK
71. Burmese Rohingya Welfare Organisation New Zealand
72. Burmese Women's Union
73. Campaign for a New Myanmar
74. Canberra Karen Association
75. CDM Support Team Mandalay
76. Centre for Human Rights and Development, Mongolia
77. Chanayetharsan Basic Education Students' Union
78. Chanmyathazi Township People Strike Group
79. Chin Community of Auckland
80. Chin Community of Western Australia Inc.
81. Chin Community SA
82. Chin Community Tasmania
83. Chin Human Rights Organization
84. Chin MATA Working Group
85. Chin Resources Center
86. Chin Youth Organization (Matupi)
87. Chin Youth Organization, Australia
88. Citizens of Burma Award (New Zealand)
89. CIVICUS: World Alliance for Citizen Participations
90. Co-operative University Student Strike Group
91. Coalition of Mandalay Engineers
92. Colorful Spring
93. Combat Support Corps-Japan (CSC-Japan)
94. Commission for the Disappeared and Victims of Violence (KontraS)
95. Committee Representing Mandalay Region Hluttaw
96. Cooperative University Student Strike Column
97. CRPH & NUG Supporters Ireland

98. CRPH Funding Ireland
99. CRPH Support Group, Norway
100. CRPH, NUG Support Team Germany-Deutschland
101. CRPH/NUG Support Group Australia
102. Daik-U Basic Education Students' Union
103. Daung Sit Thi
104. Dawei Basic Education Students' Union
105. Dawei Youth’s in Japan (DYJ)
106. Dawei Youths' Revolutionary Movement Strike Committee
107. Defense of Human Rights & Public Service, Pakistan
108. Democracy for Burma
109. Democracy for Myanmar - Working Group (NZ)
110. Democracy Movement Strike Committee - Dawei
111. Democracy, Peace and Women’s Organization
112. Democratic Youth Council
113. Demoso Basic Education Students' Union
114. Dragon Dawn (Charity Organization)
115. Education Family Strike Group
116. Educational Initiatives Myanmar
117. Equality Myanmar
118. Ethnic Youth General Strike Committee (Mandalay)
119. European Karen Network
120. Falam Community, Australia
121. Family Private School Basic Education Students' Union-ABFSU
122. Federal FM Mandalay
123. Federal Myanmar Benevolence Group (NZ)
124. Federation of General Workers Myanmar
125. Federation of Workers' Union of Burmese Citizens (in Japan)
126. Federation of Workers’ Union of the Burmese Citizens (Japan)
127. Free Burma Action Committee - Chico
128. Free Burma Action Committee (Central Valley)
129. Free Burma Action Committee (Sacremento)
130. Free Burma Action Committee (San Francisco & Bay Area)
131. Free Rohingya Coalition
132. Freedom for Burma
133. Future Light Center
134. Future Thanlwin
135. General Strike Committee of Nationalities
136. Generation Wave
137. GenY For Revolution - Japan (GenY)
138. Global Action For Myanmar Peace and Federal Democracy
139. Global Movement for Myanmar Democracy (GM4MD)
140. Global Myanmar Spring Revolution (Japan)
141. Global Myanmar Spring Revolution (Korea)
142. Golden Heart Organization
143. Grass-root People
144. Helping Hands for Burma (H2B)

145. HER (Art, Recycling Center)
146. Hinthada Basic Education Students' Union-ABFSU
147. Hlaing Thar Yar Basic Education Students' Union
148. Hope For Youth - Kyushu Japan
149. Hopin Basic Education Students' Union
150. Human Rights Foundation of Monland
151. India For Myanmar
152. Indonesian Legal Aid Foundations (YLBHI)
153. Industrial Training Centre (ITC) Family Sydney
154. Info Birmanie
155. Initiatives for International Dialogue
156. Inter-Faith Strike Column
157. Interfaith Youth Coalition on Aids in Myanmar (IYCA-Myanmar)
158. Interim Teachers' Union -Thanlyin Technological University
159. International Campaign for the Rohingya
160. International Karen Organisation
161. International Society of Myanmar Scholars and Professionals (ISMSP-MM)
162. Japan Myanmar Future Creative Association (JMFCA)
163. Joint Action Committee for Democracy in Burma (JACDB)
164. Justice 4 Myanmar - Hope & Development
165. Justice For Myanmar
166. Justice Movement for Community-Innlay
167. Kachin Affairs Organizintion - Japan (KAO Japan)
168. Kachin Association Australia
169. Kachin Association of Australia WA Inc.
170. Kachin Human Rights Watch
171. Kachin Women's Association Thailand
172. Kanbung Youth (Matupi)
173. Kanpetlet Land Development Organization
174. Karen Community in Netherlands (KCNL)
175. Karen Community, Australia
176. Karen Environmental and Social Action Network
177. Karen Human Rights Group
178. Karen National League Japan-KNL
179. Karen Peace Support Network
180. Karen Swedish Community (KSC)
181. Karen Women's Organization
182. Karenni Federation of Australia
183. Karenni Human Rights Group
184. Karenni National Society (KNS) Japan
185. Karenni National Women's Organization
186. Karenni Society New Zealand
187. Karenni/Kayah Community
188. Katha Basic Education Students' Union
189. Kayan Internally Displacement Supervising Committee
190. Kayan Rescue Committee
191. Kayin Community Tasmania

192. Keng Tung Youth
193. Khanthar Farmers Network
194. Khumzup Local Development Committee
195. Kobe Myanmar Community
196. Korean House of International Solidarity (KHIS), Korea
197. Kyaukse Basic Education Students' Union
198. Kyaukse University Students' Union
199. Kyauktada Strike Committee (KSC)
200. Labor Union Federation
201. Labutta Basic Education Students' Union-ABFSU
202. Land in Our Hand (LIOH)
203. Langkho Basic Education Students' Union
204. Lashio Basic Education Students' Union
205. Latsinu Women Agency
206. Launglon Basic Education Students' Union
207. League For Democracy in Burma (L.D.B Japan)
208. Letpadan Basic Education Students' Union-ABFSU
209. LGBT Union Mandalay
210. LGBTIQ Strike Group
211. Loka Ahlinn
212. Los Angeles Myanmar Movement
213. Magway People's Revolution Committee
214. Mahaaungmyay Township People Strike Group
215. Mandalar College Students Strike Group
216. Mandalar University Students Union
217. Mandalay Alliance Coalition Strike Group
218. Mandalay Based University Student Unions
219. Mandalay Civil Society Organization
220. Mandalay Computer University Student Union
221. Mandalay Engineers Group
222. Mandalay People Strike Group
223. Mandalay Poets' Union
224. Mandalay Private Universities Students Union
225. Mandalay Regional Youth Association
226. Mandalay Technology University (MTU) Students Union
227. Mandalay Universities, Degree and College Teachers and Staffs Strike Group
228. Mandalay University Alumni Strike Group
229. Mandalay University of Foreign Languages Students Union
230. Mandalay Wholesale Centers Strike Group
231. Mandalay Women Strike
232. Mandalay Youth Strike Group
233. Matu Chin Community, Australia
234. Matu Forum Committee
235. Matu Women Association
236. Mawkmai Basic Education Students' Union
237. Mawlamyine Basic Education Students' Union
238. Medical Family Mandalay (MFM)

239. Meikhtila Basic Education Students' Union-ABFSU
240. Metta Campaign - Mandalay
241. Midwifery Training School Students Union (Mandalay)
242. MIIT Student Strike Column
243. MilkTeaAlliance Calendar Team
244. MilkTeaAlliance Galleries
245. MilkTeaAlliance Malaysia
246. Minbu Basic Education Students' Union-ABFSU
247. Mindat Chin Community
248. Mindat Community, Australia
249. Mindat Emergency Response Team (MERT)
250. Minority Affairs Institute - MAI (Myanmar)
251. Mizo Community, Australia
252. Mogaung Basic Education Students' Union
253. Mohnyin Basic Education Students' Union
254. Mon Families Group
255. Mon National Council
256. Mon Youth For Federal Democracy
257. Monywa Basic Education Students' Union - ABFSU
258. Monywa People Strike Steering Committee
259. MRJ (Maraja)
260. Mudon Basic Education Students' Union
261. Muslim Youth Network
262. Muslim Youths Association
263. Mya Taung Strike Group
264. Myanmar Alliance for Transparency and Accountability
265. Myanmar Buddhist Community of South Australia
266. Myanmar CDM Association
267. Myanmar Community Coffs Harbour (MCC)
268. Myanmar Community Ireland
269. Myanmar Cultural Research Society (MCRS)
270. Myanmar Democracy and Peace Committee (Australia)
271. Myanmar Democratic Force in Denmark
272. Myanmar Democratic Movement (MDM)
273. Myanmar Development Support Group (MDSG)
274. Myanmar Diaspora Group (Finland)
275. Myanmar Emergency Fund (Canada)
276. Myanmar Engineering Association of Australia (MEAA)
277. Myanmar Engineers - New Zealand
278. Myanmar Global Support Foundation
279. Myanmar Gonye (New Zealand)
280. Myanmar Institute of Information and Technology (Mandalay) Students Union
281. Myanmar Labour News
282. Myanmar Medical Online Campus
283. Myanmar Nationalities' Support Organization - Japan (MNSO)
284. Myanmar People Alliance (Shan State)
285. Myanmar People Residing in Canberra

286. Myanmar Professionals Association Australia (MPAA)
287. Myanmar Railway Division (3) CDM Staffs Strike Group
288. Myanmar Student Association Ontario (MSAO)
289. Myanmar Students' Association Australia (MSAA)
290. Myanmar Students' Union in New Zealand
291. Myanmar Youth and Student Association, Japan-MYSA
292. National University of Arts and Culture
293. National Youth League for Politics and Leadership
294. National Youth Organization
295. Netherlands Myanmar Solidarity Platform
296. Network for Advocacy Action
297. Network for Human Rights Documentation Burma (ND-Burma)
298. New Rehmonnya Federated Force
299. New Zealand Doctors for NUG
300. New Zealand Karen Association
301. New Zealand Myanmar Ethnics Council
302. New Zealand Zo Community Inc.
303. No (12) Basic Education Middle School Student Union
304. No (7) Basic Education High School Alumni Strike Group
305. No.12 Basic Education Middle School (High Branch) Basic Education Students' Union
306. Northern Spectrum Youth Association
307. Nursing Training School Students Union (Mandalay)
308. Nursing University (Mandalay) Student Union
309. Nyaunglebin Basic Education Students' Union
310. Okinawa Myanmar Association
311. Olive Organization
312. Open Development Foundation
313. Overseas Mon Association - New Zealand
314. Padaung Basic Education Students' Union-ABFSU
315. Pan Pa Wash People Strike Column
316. Paramedical Technical University (Mandalay) Student Union
317. Patriotic War Veterans of Burma (PWVB)
318. PEC Private School Basic Education Students' Union
319. People's Solidarity for Participatory Democracy (PSPD), Korea
320. People's Hope Spring Revolution (PHSR)
321. Perth Myanmar Youth Network
322. Phayagye Peace Strike Column
323. Phayagyi Peace Strike Group
324. Private pre school Teachers' Association
325. Progressive Voice
326. Pyay Basic Education Students' Union-ABFSU
327. Pyigyidagon Strike Group
328. Pyin Nyar Nan Daw Private School Basic Education Students' Union
329. Pyin Oo Lwin Basic Education Students' Union
330. Pyinmana Basic Education Students' Union-ABFSU
331. Pyithu Gonye (New Zealand)

332. Queensland Kachin Community (QKC)
333. Queensland Myanmar Youth Collective (QMYC)
334. Queensland Rohingya Community
335. Red Campaign Nirvana Exhortation Group
336. Remonya Association of WA (Mon Community)
337. Representing The Arrested People Strike
338. Revolution Tokyo Myanmar (R.T.M)
339. Rohingya Action Ireland
340. Rohingya Women Webinar Series
341. Rvwang Community Association New Zealand
342. Saga Myanmar Overseas Student Association
343. Saitama Pamphlet Campaign (SPC)
344. Sangha Union Strike Group
345. Save and Care Organization for Ethnic Women on the Border Areas
346. Save Myanmar - USA
347. Save Myanmar Fundraising Group (New Zealand)
348. SEA Junction
349. Sein Pan Strike Column
350. Seinban Strike Group
351. Seven Star
352. Shan Community (New Zealand)
353. Shan Community in Japan (SCJ)
354. Shan MATA
355. Shan Women Development Network
356. ShizuYouth for Myanmar
357. Shwe Chin Thae Farmers Network
358. Shwe Minn Tha Foundation (Myanmar)
359. Shwe Youth Democratic Alliance (SYDA)
360. Sintgaing Basic Education Students' Union
361. Sisters 2 Sisters
362. Sitt Nyein Pann Foundation
363. Skills for Humanity
364. Southcare Medical Centre
365. Southeast Asia Freedom of Expressions Network (SAFENET)
366. Southern Youth Development Organization
367. Southerner News Agency
368. Spring Revolution Interfaith Network (SRIN)
369. Spring Revolution Myanmar Muslim Network (SRMMN)
370. Spring University Myanmar (SUM)
371. Strike Column of Representatives of Arbitrarily Arrested People
372. Students and Youth Congress of Burma (SYCB)
373. Students for Free Burma (SFB)
374. Support for Myanmar
375. Support Group for Democracy in Myanmar (The Netherlands)
376. Swedish Burma Committee
377. Sydney Friends for Myanmar Unity
378. Ta'ang Legal Aid

379. Ta’ang Women’s Organization
380. Taekwando Sport Association
381. Taekwondo Federation
382. Tai Youths Network Japan (TYNJ)
383. Taiwan Alliance for Myanmar (TAM)
384. Tampawadi People Strike Group
385. Tanintharyi MATA
386. Tanintharyi People’s Voice
387. Taunggyi Basic Education Students' Union
388. Technological Teachers’ Federation (TTF)
389. Technological University (Yadanabon Cyber City) Students Union
390. Technological University Mandalay (TUM) Students Union
391. Tha Pyay Nyo Periodical
392. Thapaynyo News Letter
393. Thaton Basic Education Students' Union
394. The Institution of Professional Engineers Myanmar
395. Thint Myat Lo Thu Myar Organization
396. Twitter Team for Revolution
397. U.S. Campaign for Burma
398. Uakthon Local Social Development Organization
399. Unitarian Universalist Service Committee
400. United Myanmar Community of South Australia
401. University of Computer (Mandalay) Students Union
402. University of Dental Medicine (Mandalay) Students Union
403. University of Medical Technology (Mandalay) Students Union
404. University of Medicine (Mandalay) Students Union
405. University of Nursing (Mandalay) Students Union
406. University of Pharmacy (Mandalay) Students Union
407. University of Traditional Medicine (Mandalay) Students Union
408. University Youth Prayer Committee (YUPC)
409. US Advocacy Coalition for Myanmar (USACM)
410. VEC Private School Basic Education Students' Union
411. Victorian Burmese Care Community (VBCC)
412. Victorian Myanmar Youth
413. Vietnamese Women for Human Rights
414. Voice For Justice (VFJ)
415. We Love Motherland-MM (Malaysia)
416. We Pledge CDM (Australia)
417. We Support (Japan)
418. Western Australia Myanmar Democratic Network
419. Wetlet Basic Education Students' Union-ABFSU
420. Winemaw Civil Society Network
421. Women Activists Myanmar
422. Women Advocacy Coalition Myanmar (WAC-M)
423. Women Alliance Burma
424. Women’s League of Burma
425. Wundwin Basic Education Students' Union-ABFSU

426. Yadanabon University Students Union
427. Yadanapone University Student Union (Ya. Ta. Ka. Tha)
428. Yadanar Foundation
429. Yangon Medical Network
430. Yedashe Basic Education Students' Union-ABFSU
431. Yokohama Pamphlet Campaign (YPC)
432. Young Changemakers Community
433. Youth Poets’ Union
434. YUOE Debate Club
435. Zabuthiri Basic Education Students' Union-ABFSU
436. Zo Community, Australia
437. Zomi Association Australia Inc.
438. Zomi Community Queensland
439. Zomi Community South Australia
440. ခိုင်မြဲသစ္စာဖွံ့ဖြိုးရေး ကော်မတီ
441. ပြည်သူ့ရင်သွေးနွေဦးတော်လှန်ရေး
442. ပြည်သူရင်သွေးနွေဦးတော်လှန်ရေး(ဂျပန်)
443. မြင်းခြံလူထုလှုပ်ရှားမှုကော်မတီ
444. မြန်မာ့ ဖက်ဒရယ်ဒီမိုကရေစီ အောင်နိုင်ရေးအဖွဲ့ပေါင်းချုပ် - ကိုရီးယား
445. မြန်မာ့ ဖက်ဒရယ်ဒီမိုကရေစီအောင်နိုင်ရေးအဖွဲ့ပေါင်းချုပ် (MFDMC)
446. ရေအေးမိတ်ဖက် ဖွံ့ဖြိုးရေးကော်မတီ
447. အနာဂါတ်အလင်း ဖွံ့ဖြိုးရေးကော်မတီ
448. အလင်းရောင်ပန်းတိုင် ဖွံ့ဖြိုးရေးကော်မတီ
449. အလင်းသစ္စာဖွံ့ဖြိုးရေးကော်မတီ
450. အလင်းသစ်ပရဟိတ
451. အားမာန်သစ် ဖွံ့ဖြိုးကော်မတီ